# နိုင်ငံတော်ပုန်ကန်မှု နှင့် ဥပဒေရေးရာသုံးသပ်ချက်

**မင်းလွင်ဦး**

ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးခွန်ထွန်းဦးပါ ၉ ဦး၏၊ အမှုသည် ယခုအခါ တရားရုံးချုပ်တွင် အထူးအယူခံအဖြစ်တင်သွင်းရန်ပြင်ဆင်နေကြပါသည်။ ဦးခွန်ထွန်းဦးပါ ၉ ဦး၏ အမှုနှင့်ပတ်သက်၍ တရားလိုဖက်မှ တရားစွဲဆို အပြစ်ပေးထား သည့် အခြားအမှုများလည်း ရှိပါသည်။ မူခင်းဖြစ်ရပ်တခုတည်းအပေါ် ပြစ်မှုအမျိုးမျိုးခွဲ၍ တရားစွဲဆိုပြီး နှစ်ရှည် ထောင်ဒဏ်များချမှတ်ထားခြင်းကို ဥပဒေနှင့် ညီညွတ်ခြင်းရှိမရှိ ကို အများသိရှိနိုင်ရန်နှင့် လေ့လာနိုင်ရန်အတွက် ဥပဒေသုံးသပ်ချက်များကိုတင်ပြလိုက်ပါသည်။

ခွန်ထွန်းဦး ပါ (၉)ဦး နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ။

| | |
|---|---|
| ဒုတိယရဲမှူးကြီးခင်ဌေး<br>သတင်းတပ်ဖွဲ့မှူးရုံး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ | တရားလို |
| နှင့် | |
| ခွန်ထွန်းဦး<br>စိုင်းညွှန့်လွင်<br>ဆေထင်<br>မြင့်သန်း (ခ) အယ်ဖြူ<br>ညီညီမိုး<br>စိုင်းမျိုးဝင်းထွန်း (ခ)အယ်လွန်<br>ထွန်းညို (ခ) အယ်ညို<br>စိုင်းလှအောင်<br>စဝ်သာဦး | တရားခံများ |

**စွဲဆိုထားသည့်ပုဒ်မ။ ။ နိုင်ငံတော်ပုန်ကန်မှု၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၂၂(၁)**

**အမှုဖြစ်အကြောင်းအရာအကျဉ်းချုပ်။**

အမှုမှာ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ သတင်းတပ်ဖွဲ့မှူးရုံးမှ ဒုတိယရဲမှူးကြီး ခင်ဌေး လ/၅၇၉၇၀ က ရှမ်းတိုင်းရင်းသားစီမိုကရေစီအဖွဲ့ချုပ် ၏ဥက္ကဋ္ဌဖြစ်သူ ဦးခွန်ထွန်းဦးနှင့်တကွ စိုင်းညွှန့်လွင် (၅၁)၊ ဆေထင် (၆၈)၊ မြင့်သန်း (ခ) အယ်ဖြူ (၅၄) ညီညီမိုး (၃၅) စိုင်းမျိုးဝင်းထွန်း (ခ) အယ်လွန် (၄၁)၊ ထွန်းညို (ခ) အယ်ညို (၅၆) စိုင်းလှအောင် (၆၀) နှင့် စဝ်သာဦး (၄၄) တို့သည် **ရှမ်းပြည်နယ်အတိုင်ပင်ခံကောင်စီ** ကိုရှမ်းပြည်နယ်အတွင်းရှိ ငြိမ်းချမ်းရေးနှင့် တိုင်းရင်းသားမျိုးနွယ်စုများ၊ ငြိမ်းချမ်းရေးရယူထားသော အဖွဲ့အစည်းအသီးသီးတွင် မျိုးနွယ်စု ကိုယ်စားပြုသော ခေါင်းဆောင်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ဖျက်သိမ်းထားသောနိုင်ငံရေးအဖွဲ့ အစည်းများမှ ပုဂ္ဂိုလ်များ၊ တရားမဝင်ဖွဲ့စည်းထားသောအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များဖြင့် အစည်းအဝေးခေါ်ယူ တွေ့ဆုံဆွေးနွေးကာ သဘောတူဖွဲ့စည်းခဲ့ပြီး၊ ဒုတိယနှင့်တတိယအကြိမ်အစည်းအဝေးများကို ကျင်းပဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည့်အတွက် ထိန်းသိမ်းမှုပြုခဲ့ပြီး ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၂၂ (၁) အရ ဦးတိုက်လျှောက်ထား တရားစွဲဆိုသော အမှုဖြစ်ပါသည်။

ဒုတိယရဲမှူးကြီးခင်ဌေး၏တိုင်ကြားချက်အပိုဒ် (၂)တွင်

(က) ဦးခွန်ထွန်းဦးသည် ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ် ၏ ဥက္ကဋ္ဌဖြစ်ပြီး ( ၅-၁၁- ၂၀၀၄)ရက်နေ့တွင် သီပေါမြို့နယ်၊ စိန်ကျော့ကျေးရွာရှိ ( S.S.A ) ဌာနချုပ်တွင်ပြုလုပ်သည့် ( S.S.A ) နှင့် နအဖ အဖွဲ့တို့ငြိမ်းချမ်းရေးရယူသည့် (၁၅) နှစ်မြောက် အထိမ်းအမှတ်အခန်းအနားသို့ ( S.S.A ) ဥက္ကဋ္ဌ ဦးဆေထင်၏ ဖိတ်ကြား

ချက်အရ ဦးစိုင်းညွန့်လွင်နှင့် အတူတကွရောက်ခဲ့ကြောင်း၊ ယင်းအစည်းအဝေးကျင်းပသည့် ၂ ရက်တွင် ဦးခွန်ထွန်းဦးသည် သဘာပတိနှင့် သဘာပတိအဖွဲ့၊ အဖွဲ့ဝင်အဖြစ်ဆောင်ရွက်ခဲ့ပြီး၊ ရှမ်းပြည်နယ်ပညာရှင်များ ကောင်စီကို ပုဂ္ဂိုလ် ၇ ဦးဖြင့်စတင်ဖွဲ့စည်းခဲ့ကြောင်း၊ ခွန်ထွန်းဦးသည် သဘာပတိအဖြစ်မိန့်ခွန်းပြောကြားရာတွင် **ဒီရှမ်းပြည်ပညာရှင်များအတိုင်ပင်ခံအဖွဲ့၊ ဖွဲ့စည်းရေးအတွက် ကျွန်တော်ရဲ့အကြံဉာဏ်က အုတ်တချပ်၊ သဲတပွင့် ဖြစ်နိုင်သမျှနှင့် ကျွန်တော်ဆွေးနွေးမှာပါ၊ ကျွန်တော်ဆိုလိုတာက အားလုံးညီညီညာညာ နှင့် စုပေါင်းပြီးတော့ စုပေါင်းခေါင်းဆောင်လုပ်သွားရင်၊ ဖြစ်နိုင်ပါလိမ့်မယ်။ ကျွန်တော်တို့စည်းရုံးရေးက၊ ပထမဆုံး ရှမ်းပြည်ပေါ့ ....... နောက်ပြီးတော့ ပြည်နယ်အသီးသီးမှာ ဒီလိုလုပ်ဖို့ကျွန်တော်တို့စည်းရုံးရင် စည်းရုံး ဒါမှမဟုတ် သူတို့အသိတရားနှင့်လုပ်ဖို့ဆိုလည်းဖြစ်နိုင်ပါတယ်။ ခင်ဗျားတို့ဖွဲ့စည်းမယ့် အတိုင်ပင်ခံကောင်စီက လည်း၊ ကြိုးစားလုပ်ကြပါ၊ ကြိုးစားလုပ်မယ်ဆိုလို့ရှိရင် ခင်ဗျားတို့ကို ကျွန်တော်တို့ကလည်းပံ့ပိုးဖို့အဆင်သင့်ပါ၊ ကျွန်တော်တို့ခင်ဗျားတို့ကြိုးစားမယ်ဆိုရင် ကျွန်တော့်အထင်ပြည်ထောင်စုလူမျိုးပေါင်းစုံပါဝင်သည့် ညီလာခံ ခေါ် ယူကျင်းပနိုင်လိမ့်မယ်လို့ထင်မြင်ယူဆပါတယ်......... အားလုံးဝိုင်းဝန်းလုပ်ဆောင်ပြီးတော့ စုပေါင်းခေါင်းဆောင်မှု၊ စုပေါင်းဆုံးဖြတ်ချက်ပေးမှုနဲ့ဘဲ၊ ကျွန်တော်တို့ဒီရှမ်းပြည်ရဲ့ တိုင်းရင်းသားတွေရဲ့၊ နိုင်ငံရေး၊ မပြီးသေးတဲ့ကိစ္စတွေကို ဆက်လက်ဆောင်ရွက်သွားကြပါစို့လို့ တိုက်တွန်းရင်းနိဂုံးချုပ်ပါတယ်........** ဟူ၍ပြော ကြားခဲ့ကြောင်းတိုင်ချက်တွင်ဖေါ်ပြထားပါသည်။

စိုင်းညွန့်လွင်သည် ဇလပ်နီပုံနှိပ်လုပ်ငန်းလုပ်ကိုင်ပြီး ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်တွင် တွဲဖက် အတွင်းရေးမှူး (၁) နှင့် အထွေထွေအတွင်းရေးမှူးတာဝန်များထမ်းဆောင်သူဖြစ်ကြောင်း၊ (၄–၁၁–၂၀၀၄) နှင့် (၅–၁၁–၂၀၀၄) တို့တွင်ပြုလုပ်ခဲ့သည့် S.S.A (Shan State Army) ငြိမ်းချမ်းရေးရယူခြင်း (၁၅) နှစ်မြောက် အခမ်းအနားကို ဦးခွန်ထွန်းဦးနှင့်အတူတကွရောက်ခဲ့ကြောင်း၊ ယင်းအစည်းအဝေး၏မှတ်တမ်း အစီအစဉ် ၄ တွင် စိုင်းညွန့်လွင်မှ (ရှမ်းပြည်တိုင်းရင်းသားလူမျိုးများပေါင်းစည်းညီညွတ်မှု) စာတမ်းကို ဖတ်ခဲ့ ကြောင်း၊ အစီအစဉ် ၅(ဃ) တွင် ပါဝင်ဆွေးနွေးမှုများပြုလုပ်ခဲ့ကြောင်း၊ ယင်းသို့ဆွေးနွေးပြောကြားရာတွင် ရှမ်းပြည်တိုင်းရင်းသားများ ပေါင်းစုံ ကိုယ်စားလှယ်ပါဝင်သည့် ရှမ်းပြည်အတိုင်ပင်ခံအဖွဲ့ကို ဖွဲ့စည်း သင့်ကြောင်း နှင့် ၎င်း၏နေအိမ်တွင်ကိုယ် ပိုင်အသုံးပြုသော ကွန်ပြူတာအတွင်းမှ **အနာဂတ်မြန်မာနိုင်ငံတော်** စာတမ်းကို သိမ်းဆည်းရမိပြီးအဆိုပါ စာတမ်း တွင် လက်ရှိ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီမှ အကောင်အထည်ဖေါ်ဆောင်ရွက်နေသည့် အမျိုးသားညီလာခံ၏ ဆောင်ရွက်ချက်များကို ဖေါ်ပြထားပါသည်။ ပြည်သူများကမုန်းထားအောင်၊ မလေးစား အောင်ရေးသားဖေါ်ပြထား ပါသည်ဟု တိုင်ချက်တွင် ရေးသား ဖေါ်ပြခဲ့သည်။

S.S.A (Shan State Army) မှ ဗိုလ်ချုပ်ဆေထင်သည် ၂၀၀၄ ခုနှစ် အောက်တိုဘာလ (၅)ရက်နေ့တွင် သီပေါမြို့ နယ်၊ စိန်ကျော့ ကျေးရွာရှိ S.S.A ဌာနချုပ်တွင်ပြုလုပ်သည့် S.S.A အထိမ်းအမှတ်တွေ့ဆုံပွဲတွင် S.N.L.D ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ် မှ ဦးခွန်ထွန်းဦးအဖွဲ့ ဦးမြင့်သန်း၊ ညီညီမိုး၊ စိုင်းမျိုးဝင်းထွန်း၊ ဦးဘသင်၊ ဦးကျော်ဝင်းတို့နှင့်အတူ ဆွေးနွေးမှုများပြုလုပ်ပြီး၊ ဗိုလ်ချုပ်ဆေထင်က ရှမ်းပြည်ပညာရှင်များ အတိုင်ပင်ခံကောင် စီအဖွဲ့ဖွဲ့ရန်စတင်ပြောကြားခဲ့သူဖြစ်ပြီး၊ ယင်းကောင်စီကိုလူပုဂ္ဂိုလ် (၉)ဦးဖြင့် စတင်ဖွဲ့စည်းခဲ့ကြောင်း၊ ၎င်းမှမိန့်ခွန်းပြောကြားရာတွင် ရှမ်းပြည်နယ်ပညာရှင်များအတိုင်ပင်ခံကောင်စီမှ ကျယ်ပြန့်သည့်တပ်ပေါင်းစုကြီး အသွင်ကိုရည်မှန်း၍ဖြစ်ပေါ်လာအောင်ဆောင်ရွက်ရန် ပြောကြားခဲ့ကြောင်း တိုင်ချက်တွင်ဖေါ်ပြထားပါသည်။

(ခ) မူလရုံးအမှုဖြစ်သော ၂၀၀၅ ခုနှစ် ပြစ်မှုကြီးမှုအမှတ် ၂၃၃ ကို (၂၁–၂–၂၀၀၅)နေ့တွင် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ သတင်းတပ်ဖွဲ့မှူးရုံးမှ ဒုတိယရဲမှူးကြီးခင်ဌေးက တရားလိုအဖြစ်နှင့် အထက်တွင်ဖေါ်ပြခဲ့သော တရားခံ (၉) ဦးအပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၂၂ (၁) အရ နိုင်ငံတော်ပုန်ကန်မှုကျူးလွန်ကြောင်းဦးတိုက်လျှောက်ထား စွဲဆိုခဲ့ခြင်းဖြစ်သည်။ အမှုကိုပြစ်မှုဆိုင်ရာမှတ်ပုံတင်စာအုပ် (၁) တွင် ပြစ်မှုကြီးမှုအမှတ် ၂၃၃/၂၀၀၅ အဖြစ် မှတ်ပုံတင်ခဲ့သည်။ ယင်းနေ့မတိုင်မီ (၁၈–၂–၂၀၀၅) နေ့ကတည်းကပင် တရားရုံးချုပ်၏ အမိန့်အမှတ် ၃၇/၂၀၀၅ အရဖွဲ့စည်းလိုက်သည့် တွဲဖက်တိုင်းတရားသူကြီး ဦးမြသိမ်း (ဥက္ကဋ္ဌ) နှင့် တွဲဖက် တိုင်းတရားသူကြီး ဦးခင်မောင်ကြီး (အဖွဲ့ဝင်) တို့ပါဝင်သည့်ခုံရုံးသို့လွှဲပြောင်းပေးခဲ့သည်။

အထက်ဖော်ပြပါ ခုံရုံးကအမှုကိုလက်ခံပြီးနောက် **အမှတ် (၉) တရားခံ စဝ်သာဦး** အားပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၃၃၇ အရ **အစိုးရသက်သေအဖြစ်သတ်မှတ်ခဲ့ပြီး**နောက် တရားလိုဒုရဲမှူးကြီးခင်ဌေးအား (၂၇–၄–၂၀၀၅)ရက်နေ့တွင်စတင်စစ်ဆေးခဲ့သည်။ ထို့နောက် အစိုးရသက်သေ စဝ်သာဦးအားစစ်ဆေးပြီး ကျန်တရားလိုပြသက်သေများကို ဆက်လက်စစ်ဆေးခဲ့ရာ (၂၆–၅–၂၀၀၅) နေ့တွင်စစ်ဆေးပြီးစီးခဲ့သဖြင့် တရားခံများအပေါ် စွဲချက်တင်သင့်၊ မတင်သင့် လျှောက်လဲချက်ကြားနာရန်ချိန်းဆို၍ ကြားနာခဲ့သည်။

(ဂ) (၆–၆–၂၀၀၅) နေ့တွင် ဦးခွန်ထွန်းဦးအပေါ် ပြစ်မှုဥပဒေပုဒ်မ ၁၂၂ (၁)ဖြင့် စွဲချက်တင်ရာတရားခံက အပြစ်မရှိကြောင်းထုချေသည်။ ခွန်ထွန်းဦး၊ စိုင်းညွန့်လွင်၊ ဆေထင်၊ မြင့်သန်း၊ ညီညီမိုး၊ စိုင်းမျိုးဝင်းထွန်း၊ နှင့်ထွန်းညို့တို့က လိုပြသက်သေ ဦးခွန်စံနှင့် ဦးဘသင်တို့အားပြန်ခေါ်စစ်လိုကြောင်း၊ စိုင်းလှအောင်က အဆိုပါ လိုပြ (၂) ဦးအပြင် လိုပြသက်သေ ခင်မောင်ချင်းနှင့် ဇင်အောင်တို့အားလည်းပြန်ခေါ်သက်သေအဖြစ် စစ်ဆေးလိုကြောင်းလျှောက်ထားသည်။ (၈–၆–၂၀၀၅)ရက်နေ့တွင်ခင်မောင်ချင်းအားစစ်ဆေးပြီးနောက် ကျန်သည့်ပြန်ခေါ်သက်သေများအား စစ်ဆေးရန်ဖြစ်သော်လည်း ပြန်ခေါ်သက်သေ ဇင်အောင် နှင့် ဦးဘသင်တို့သည် ၎င်းတို့၏ မူလနေထိုင်ရာဒေသတွင်နေထိုင်ကြခြင်းမရှိတော့ကြောင်းကို သက်ဆိုင်ရာ ရယက နှင့် သတင်းတပ်ဖွဲ့တို့၏ စာဖြင့်တင်ပြရာ မှုရင်းများကို ပြစ်မှုကြီးမှုအမှတ် ၂၃၃/၂၀၀၅ တွင်တွဲထားပြီးဆက်စပ်မှုများတွင်ထိုအကြောင်းကိုမှတ်တမ်းတင်ခဲ့သည်။ ခုံရုံးက (၉–၆–၂၀၀၅)အမှုနေ့စဉ်မှတ်တမ်းတွင် ဤကိစ္စနှင့်စပ်လျဉ်း၍ ထို့အပြင်တရားခံများ၏ ရှေ့နေများသို့သေချာစွာရှင်းပြသည်။ ဟုရေးသားထားကြောင်းတွေ့ရသည်။ ထို့နောက်တရားခံများစစ်ဆေးရန်ချိန်းဟုပြန်ခေါ်သက်သေ ဇင်အောင်နှင့် ဦးဘသင် တို့ကိုထပ်မံခေါ်ယူရန် ဆောင်ရွက်ခြင်းမရှိတော့ဘဲချိန်းဆိုခဲ့သည်။

(ဃ) (၁၃–၆–၀၅) နေ့တွင် (၁) တရားခံ ဦးခွန်ထွန်းဦးအားစတင်စစ်ဆေးပြီး (၁၅–၆–၂၀၀၅)နေ့တွင်စစ်ဆေးပြီး စီးခဲ့သည်။ ယင်းနေ့မှာပင် (၂) တရားခံ စိုင်းညွန့်လွင်အားစစ်ဆေးပြီး၊ ဆက်လက်စစ်ဆေးရန်ချိန်းဆိုခဲ့သည်။ ထို့နောက်စိုင်းညွန့်လွင်အားစစ်ဆေးပြီးစီး၍ ဆေထင်အားဆက်လက်စစ်ဆေးခဲ့သည်။ ထို့နောက် မြင့်သန်း၊ ညီညီမိုး၊ စိုင်းမျိုးဝင်းထွန်း၊ ထွန်းညို့ နှင့် စိုင်းလှအောင်တို့အားစစ်ဆေးခဲ့ပြီးနောက် တရားခံပြသက်သေ အသီးသီးကိုစစ်ဆေးခဲ့သည်။

တရားခံများဖက်မှ တင်ပြသည့်သက်သေ (၁၈) ဦးတင်ပြခဲ့သော်လည်း သက်သေ(၆) ဦးကိုသာစစ်ဆေးခဲ့ပြီးကျန်တရားခံပြသက်သေ (၁၂)ဦးကိုဆက်သွယ်မရသဖြင့် မစစ်ဆေးခဲ့ကြောင်းတွေ့ရသည်။

အချို့သက်သေတို့သည် ရုံးခေါ်စာအတည်ဖြစ်ပါလျက် မလာရောက်သဖြင့် ခုံရုံးမှ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၅၇ အရထိုသက်သေများကိုဆက်လက်ဆင့်ခေါ်ခြင်းမပြုတော့ကြောင်း အမိန့်ချ မှတ်၍ အပြီးသတ် လျှောက်လဲချက်ကြားနာရန် ( ၂၇–၇–၂၀၀၅) နေ့သို့ချိန်းဆိုခဲ့သည်။

(င) (၁၈–၁၀–၂၀၀၅)နေ့တွင်ဤအမှုနှင့်ပတ်သက်သော အပြီးသပ်လျှောက်လဲချက်ကိုကြားနာပြီး အခြားအမှု များနှင့်တပြိုင်တည်းအမိန့်ချမှတ်ရန်အတွက် အမှုကိုချိန်းဆိုခဲ့သည်။ (၂–၁၁–၂၀၀၅)နေ့တွင်တရားခံများအပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၂၂(ဃ) ကိုချိုးဖေါက်ကြောင်းဖြင့်၁၂၀(၁)အရတသက်တကျွန်းဒဏ်ချမှတ်ခဲ့သည်။ ပူးတွဲတရားခံအဖြစ်အစွပ်စွဲခံရပြီး ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၃၃၇ အရ အစိုးရသက်သေအဖြစ် သတ်မှတ်စစ်ဆေးခဲ့သော စဝ်သာဦးကို ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၃၃၈ အရ အမှုမှ လွှတ်ခဲ့သည်။

**ဥပဒေပြဌာန်းချက်များနှင့် မညီသည့်အပြင် ဥပဒေပြဌာန်းချက်များကို မျက်ကွယ်ပြု၍ အထူးခုံရုံးက တရားခံများကိုကြီးလေးသောပြစ်ဒဏ်ပေးနိုင်ရန်ကောက်ယူသုံးသပ်ချက်များ။**

## ပြစ်မှုဆိုင်ရာတရားစီရင်ရေးတွင်လိုက်နာရမည့် ဥပဒေ အခြေခံသဘောတရားများ

ပြစ်မှုဆိုင်ရာမှုခင်းများ စီရင်ဆုံးဖြတ်ရာတွင်၎င်း၊ တရားခံအပြစ်ရှိမရှိ စီရင်ဆုံးဖြတ်ရာတွင်၎င်း၊ တရားခံအားလွှတ်ထိုက်မလွှတ်ထိုက်သုံးသပ်ရာတွင်သော်လည်းကောင်း၊တရားသူကြီးများအနေဖြင့်ဥပဒေအခြေခံသဘောတရားများနှင့်အညီဆောင်ရွက်ရသည်။ တနည်းအားဖြင့်ဆိုသော် ပြစ်မှုဆိုင်ရာတရားစီရင်ရေးတွင် လက်ရှိလိုက်နာကျင့်သုံးလျက်ရှိသော ဥပဒေ အခြေခံသဘောတရားများနှင့်အညီ ချိန်ဆသုံးသပ်၍ဆုံးဖြတ်ပေးရပေ မည်။

ထို့ကြောင့်ရုံးရှေ့သို့ ရောက်ရှိလာသောသူတရားခံတိုင်းကိုအပြစ်ရှိသူဟူ၍ လွယ်လွယ်နှင့်မှတ်ယူ၍ မရပေ။ သို့ဖြစ်၍တရားစွဲဆိုတင်ပို့ခြင်းခံရသောတရားခံအားတရားဥပဒေကအကာအကွယ်ပေးထားသောအခွင့်အရေး

အားလုံးအပြည့်အဝခံစားခွင့်ရအောင် ဆောင်ရွက်ပေးရန်မှာ တရားစီရင်ရေးတွင်တာဝန်ရှိသည့်တရားသူကြီးများ၏တာဝန်ပင်ဖြစ်သည်။

ပြစ်မှုဆိုင်ရာအမှုများ ကို စစ်ဆေးစီရင်သည့်အခါ တရားရုံးများအနေဖြင့် လိုက်နာဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်းများ ကို တရားရုံးများလက်စွဲ၊ **(Court Manual)** နှင့် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ၊ **(Criminal Procedure)** တို့တွင်အတိအလင်းရေးဆွဲပြဋ္ဌာန်းထားသည်။ တရားရုံးများအနေဖြင့်လည်း ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေနှင့် တရားရုံးများလက်စွဲ၊ တရားရုံးချုပ်မှ အခါအားလျော်စွာထုတ်ပြန်ကြေညာသည့် ညွှန်ကြားချက်များကိုပါလိုက်နာကျင့်သုံးဆောင်ရွက်ရသည်။ သို့သော်ဥပဒေပြဋ္ဌာန်းချက်များ၊ လိုက်နာရမည့်လမ်းညွှန်ချက်များ၊ မည်သို့ပင်ရှိစေကာမူ အဆိုပါ ပြဋ္ဌာန်းချက်များကို မျက်ကွယ်ပြု၍ အထူးခုံရုံးက စစ်ဆေးစီရင်ခဲ့သည်ကို အောက်ပါ အချက်များအရ ထင်ရှားစွာတွေ့ရှိနိုင်ပါသည်။

## (၁) တရားစွဲဆိုသောပုဒ်မ နှင့် အပြစ်ပေးစီရင်သော ဥပဒေပုဒ်မ။

ပြစ်မှုဆိုင်ရာအမှုများတွင် တရားခံဖြစ်သူသည်စွဲဆိုထားသည့် ပုဒ်မပါ ပြဋ္ဌာန်းချက်များကို ကျူးလွန်ဖေါက်ဖျက်ကြောင်း သက်သေထင်ရှားပြသရန် တရားလိုဖက်တွင် အစဉ်တစိုက်တာဝန်ကျရောက်သည်။ ပြဋ္ဌာန်းထားသည့် ပြစ်မှုမြောက်ရန်လိုအပ်သည့် အင်္ဂါရပ်များနှင့်အညီဖြစ်စေရန်တရားလိုဖက်မှ ထင်ရှားစွာသက်သေပြနိုင်ရမည် ဖြစ်သည်။ ပြစ်မှုမြောက်ရန်လိုအပ်သည့်အင်္ဂါရပ်များနှင့်ပတ်သက်၍ အောက်ပါအတိုင်း တွေ့ရှိနိုင်သည်။

**ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၂၁။** ။ မည်သူမဆို–

(က)ပြည်ထောင်စုမြန်မာနိုင်ငံကိုဖြစ်စေ၊ ပြည်ထောင်စုအဖွဲ့ဝင်တခုခုကိုဖြစ်စေ၊ စစ်မက်ပြိုင်ဆိုင်ရန် အခြားနိုင်ငံတခုခုကိုသော်လည်းကောင်း၊ လူတဦးဦးကိုသော်လည်းကောင်း၊ ပြည်ထောင်စုအတွင်း၌ဖြစ်စေ၊ အပ၌ဖြစ်စေ၊ ကူညီလျှင် သို့တည်းမဟုတ်

(ခ) ပြည်ထောင်စုနိုင်ငံကိုဖြစ်စေ၊ ပြည်ထောင်စုအဖွဲ့ဝင်တခုခုကိုဖြစ်စေ၊ စစ်မက်ပြိုင်ဆိုင်ရန်အခြားနိုင်ငံတခုခုကိုသော်လည်းကောင်း၊ ပြည်ထောင်စုအတွင်း၌ဖြစ်စေ၊ အပ၌ဖြစ်စေ ကူညီလျှင် သို့တည်းမဟုတ်

(ဂ) ထိုသို့စစ်မက်ပြိုင်ဆိုင်ရန် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း၌ဖြစ်စေ၊ အပ၌ဖြစ်စေ၊ လူတဦးဦးကို လှုံ့ဆော်လျှင် သို့တည်းမဟုတ် လူတဦးဦးနှင့် ပူးပေါင်းကြံစည်လျှင် သို့တည်းမဟုတ်

(ဃ) **ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေဖြင့်တည်ထောင်ခန့်အပ်သော** ပြည်ထောင်စုမြန်မာနိုင်ငံ၏လုပ်ငန်းအဖွဲ့ကိုသော်လည်းကောင်း၊ ပြည်ထောင်စုအဖွဲ့ဝင်လုပ်ငန်းအဖွဲ့ကိုသော်လည်းကောင်း၊ လက်နက်နှင့်ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ၊ ဖြိုဖျက်ရန်အားထုတ်လျှင် သို့တည်းမဟုတ် ဖြိုဖျက်ရန်အခြားနည်းဖြင့်ပြင်ဆင်လျှင် သို့မဟုတ် ထိုသို့အားထုတ်မှုတွင်ပါဝင်ဆောင်ရွက်လျှင် သို့တည်းမဟုတ် ထိုသို့အားထုတ်မှုနှင့်ပတ်သက်လျှင်၊ သို့တည်းမဟုတ် ထိုသို့အားထုတ်မှုပြုရန်ဖြစ်စေ၊ ထို့သို့အားထုတ်မှုတွင်ပါဝင်ဆောင်ရွက်ရန်ဖြစ်စေ၊ ထိုသို့အားထုတ်မှုနှင့်ပတ်သက်ရန်ဖြစ်စေ၊ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း၌သော်လည်းကောင်း၊ အပ၌သော်လည်းကောင်း လူတဦးဦးကိုလှုံ့ဆော်လျှင် သို့တည်းမဟုတ် တဦးဦးနှင့် ပူးပေါင်းကြံစည်လျှင် ထိုသူသည်နိုင်ငံတော်သစ္စာဖေါက်ဖျက်ပုန်ကန်မှုကြီးကိုကျူးလွန်သည်။

**ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၂၂ ။**

(၁) မည်သူမဆိုပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်းနိုင်ငံတော်သစ္စာဖေါက်ဖျက်ပုန်ကန်မှုကြီးကို ကျူးလွန်လျင်သေဒဏ်ဖြစ်စေ၊ တသက်တကျွန်းပို့ဒဏ်ဖြစ်စေချမှတ်ခြင်းခံရမည်။

(၂) ပြည်ထောင်စုနိုင်ငံသားဖြစ်သူသည် သို့တည်းမဟုတ် သာမာန်အားဖြင့် ပြည်ထောင်စုနိုင်ငံအတွင်နေထိုင်သူသည်ပြည်ထောင်စုနိုင်ငံအပတွင် နိုင်ငံတော်သစ္စာဖေါက်ဖျက်ပုန်ကန်မှုကြီးကို ကျူးလွန်လျင်သေဒဏ်ဖြစ်စေ၊ တသက်တကျွန်းပို့ဒဏ်ဖြစ်စေ ချမှတ်ခြင်းခံရမည်။

**ထိုကဲ့သို့ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၂၂ (၁) အရအပြစ်ပေးမည်ဆိုလျှင် ၁၂၁ (ဃ) ၏ပြဋ္ဌာန်းချက်အရ လိုအပ်သည့်အဓိကအင်္ဂါရပ်မှာ–**

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေဖြင့်တည်ထောင်ခန့်အပ်သော ပြည်ထောင်စုမြန်မာနိုင်ငံ၏လုပ်ငန်းအဖွဲ့ကိုသော်လည်းကောင်း ပြည်ထောင်စုအဖွဲ့ဝင်၏ လုပ်ငန်းအဖွဲ့ကိုသော်လည်းကောင်း၊ ဖြိုဖျက်ရန်စသည်ဖြင့်ပြဋ္ဌာန်းထားသည့်အတွက် လက်ရှိအချိန်အခါ၌ **မြန်မာနိုင်ငံတွင်ဖွဲ့စည်းပုံအုပ်ချုပ်ပုံအခြေခံဥပဒေမရှိ**သောကြောင့် ဤပုဒ်မကိုကျင့်သုံး၍ပြစ်ဒဏ်ပေးစီရင်ခြင်းမှာ ဥပဒေအရလွန်စွာမှပင်မှားယွင်းနေသည်ကိုတွေ့ရသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ နှင့်စပ်လျဉ်း၍ ၁၉၉၀ ပြည့်နှစ်မေလ (၉)ရက်နေ့ နံနက် (၁၀)နာရီတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)စစ်ဆေးရေးအစည်းအဝေးခန်းမ၌ ကျင်းပသော နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့နှင့် ပြည်နယ်တိုင်းငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့များ၏ ညှိနှိုင်းအစည်းအဝေးတွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၊ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးစောမောင်ပြောကြားသောမိန့်ခွန်းတွင်–

မြန်မာနိုင်ငံရဲ့ ကိစ္စအရပ်ရပ်ကို တာဝန်ယူထားတာဘယ်သူလဲဆိုရင် နဝတဘဲဖြစ်တယ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရပ်ရပ်က အစိုးရမပေါ်ခင် မြန်မာနိုင်ငံကိုကြားဖြတ်အနေနှင့်တာဝန်ယူထားတာဘယ်သူလဲဆိုရင်နဝတဘဲဖြစ်တယ်၊ ......ဟုပြောကြားသွားသည်ကိုတွေ့နိုင်သည်။ ထိုပြောကြားချက်ကို အင်္ဂလိပ်ဘာသာသို့ပြန်ဆိုချက်တွင်

" .......... It is the SLORC that is taking all the responsibilities of Myanmar Naing Ngan. It is the SLORC that is serving as an interim government before a government created by a constitution comes into being..........."

ထို့အပြင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးစောမောင်က ၁၉၉၀ ပြည့်နှစ်၊ စက်တင်ဘာလ (၇)ရက်နေ့ နံနက် (၁၀)နာရီ အချိန်တွင် ကာကွယ်ရေးဝန်ကြီးဌာန၊ ခန်းမဆောင်၌ တိုင်းပြည်အတွက်သိသင့်သိထိုက်သည်များနှင့်စပ်လျဉ်း၍ပြောကြား သည့်မိန့်ခွန်းတနေရာတွင်–

**ကျွန်တော်တို့က ဒီနေ့ဟာစစ်အစိုးရလို့ကျွန်တော်ပြောထားတယ်၊ မာရှယ်လော၊ တပ်မတော်အစိုးရ၊ ကျွန်တော့်မှာ အခြေခံထားတဲ့ဥပဒေမရှိဘူး၊** ဒီလောက်တော့နားလည်ဖို့ကောင်းတာပေါ့ ဟုပြောကြားခဲ့သည်။ ထို့ကြောင့်မြန်မာနိုင်ငံတွင် လက်ရှိအခြေအနေတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ မရှိကြောင်းအထင်အရှားတွေ့ရှိနိုင်သည်။ ထို့ကြောင့်မူလခုံရုံးက ယခုပြစ်ဒဏ်ချမှတ်ထားသော ဥပဒေပုဒ်မမှာ ပြစ်မှုမြောက်ရန်လိုအပ်သည့် အင်္ဂါရပ်မပြည့်စုံသောကြောင့်မှားယွင်းလျက်ရှိသည်ကိုတွေ့ရသည်။ စစ်မက်ပြိုင်ဆိုင်သည်ဆိုသည့်အချက်မှာလည်းပေါ်ပေါက်ခြင်းမရှိသည့်အတွက် ပုဒ်မ ၁၂၁ (က) (ခ) (ဂ)တို့အရလည်းပေါ်ပေါက်မှုမရှိသည့်အတွက် မူလအမှုစစ်၊ ခုံရုံးပညာရှိတရားသူကြီးများက (စီရင်ချက်– စာမျက်နှာ ၃၃ တွင်)တရားခံခွန်ထွန်းဦးပါ (ဂ)ဦးတို့၏ပြုမူဆောင်ရွက်မှု သည် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၂၁ (ဃ)ပါ ပြဋ္ဌာန်းချက်ကိုချိုး ဖေါက်ကြောင်းပေါ်ပေါက်သဖြင့် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၂၂ (၁) အရနိုင်ငံတော်သစ္စာဖေါက်ဖျက်ပုန်ကန်မှုကို ကျူးလွန်ရာရောက်သည်။ ဟုကောက်ယူသုံးသပ်၍ တရားခံများအားလုံးကို တသက်တကျွန်းဒဏ် အသီးသီးကျခံစေဟုစီရင်ခဲ့ ခြင်းသည် ပြစ်မှုဆိုင်ရာဥပဒေပြဋ္ဌာန်းချက်များနှင့်အညီမဟုတ်ပဲလွဲမှားစွာကောက်ယူသုံးသပ်ခဲ့ကြောင်းထင်ရှားစွာတွေ့ရှိနိုင်ပါသည်။

## (၂) တရားရုံး၏ စီရင်ပိုင်ခွင့်အာဏာ

(က) တိုင်တန်းချက်အရ ဤအမှုဖြစ်ပွားသည့်နယ်မြေဒေသမှာ ရှမ်းပြည်နယ်အတွင်းဖြစ်ပွားခဲ့သည့် မှုခင်းဖြစ်သည်။

၁။ ပထမအကြိမ်မှာ သီပေါမြို့နယ်၊ စိန်ကျော့ကျေးရွာဖြစ်သည်။

၂။ ဒုတိယအကြိမ်မှာ လားရှိုးမြို့ဖြစ်ပြီး

၃။ တတိယအကြိမ်မှာ တောင်ကြီးမြို့ဖြစ်သည်။

ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ် ၁၇၇ တွင် ပြစ်မှုတိုင်းတွင်သာမာန်အားဖြင့်ပြစ်မှုကျူးလွန်ရာ နယ်မြေအတွင်း၊ စီရင်ပိုင်ခွင့်အာဏာရှိသော တရားရုံးကစုံစမ်းစစ်ဆေးစီရင်စေရမည်။ဟုပြဌာန်းထားရှိသည့်အပြင်၊ တရားရုံးများ လက်စွဲအပိုဒ် ၂၀ (၃)အရလည်းမူလအမှုအမှတ် ၂၃၃/၂၀၀၅ ကိုသာမာန်အားဖြင့် ရှမ်းပြည်နယ်အတွင်းတွင် သာမာန်အားဖြင့်စစ်ဆေးစီရင်ရမည်ဖြစ်သည်။

သို့သော်ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၇၈ တွင် ကျင့်ထုံးဥပဒေပုဒ်မ ၁၇၇ တွင် မည်သို့ပင် ပါရှိစေကာမူ ခရိုင်တခုခုတွင်စစ်ဆေးစီရင်ရန် လွှဲအပ်တင်ပို့သောမည်သည့်အမှုများ၊ သို့မဟုတ် အမှုအမျိုးအစား များကိုမဆို စက်ရှင်တိုင်းတခုခုတွင်စစ်ဆေးစီရင်ရန် နိုင်ငံတော်သမ္မတကညွှန်ကြားနိုင်သည်။

သို့ရာတွင်အဆိုပါညွှန်ကြားချက်သည် ဤကျင့်ထုံးဥပဒေပုဒ်မ ၅၂၆ အရ ယခင်ကကြိုတင် ထုတ်ပြန် ထားသော တရားလွှတ်တော်ချုပ်ညွှန်ကြား ချက်တစုံတရာနှင့်ဆန့်ကျင်ခြင်းမရှိစေရ၊ ထို့ကြောင့် ယခုအမှုတွင် နိုင်ငံတော်သမ္မတ သို့တည်းမဟုတ် တရားသူကြီးချုပ်၏ အမိန့်ဖြင့်ဆိုလျှင် အခြားနယ်မြေဒေသ၊ နေရာတွင် စစ်ဆေးစီရင်နိုင်မည်ဖြစ်သည်။

ခ။ ထိုကဲ့သို့ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေကပြဌာန်းထားသည့်အတွက် တရားရုံးများ၏လုပ်ပိုင်ခွင့် နှင့်စပ် လျဉ်း၍ ၁၉၈၉ ခုနှစ် ဇွန်လ (၂၂)ရက်နေ့စွဲပါ အမိန့်အမှတ် (၃၄/၈၉)ဖြင့် မြန်မာနိုင်ငံငါးလုပ်ငန်းရေပြင် အတွင်း ကျူးလွန်သည်ဟု စွပ်စွဲခံရသူများအပေါ် အမှုများစစ်ဆေးရာတွင် အဆင်ပြေစေရန် နှင့်သင့်လျော်သော မြို့နယ်တရားရုံးများတွင်စစ်ဆေးစီရင်နိုင်ရန် (၈)မြို့နယ်ကို တရားရုံးချုပ်ကသတ်မှတ်ပေးခဲ့သည်။

ယခုအမှုတွင်ရှမ်းပြည်နယ်အတွင်းဖြစ်ပွားခဲ့သော အမှုဖြစ်သဖြင့် အထက်ဖော်ပြပါအတိုင်း နိုင်ငံတော် သမ္မတ က ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၇၈ ကိုကျင့်သုံး၍ အခြားနယ်မြေဒေသဖြစ်သော ရန်ကုန် တိုင်း၊ မြောက်ပိုင်းခရိုင်၊ အင်းစိန် ဗဟိုအကျဉ်းထောင်အနီးစစ်ဆေးစီရင်ခွင့်ပြုသည်ဆိုသော အမိန့်ထုတ်ပြန်ချက်၊ ကို အမှုတွဲတွင်မတွေ့ရပါ။

ဂ။ တရားရုံးချုပ်၏ ၂၄-၂-၁၉၅၆ရက်စွဲပါ ညွှန်ကြားလွှာအမှတ် ၇/၅၆ တွင် အထူးကိစ္စတရပ်အတွက် အကျဉ်းထောင်အတွင်း၌ဖြစ်စေ၊ အခြားနေရာများ၌ဖြစ်စေ၊ မှုခင်းတစုံတရာကိုကြားနာစစ်ဆေးရန် လိုအပ်သည် ဟုယူဆခဲ့လျှင် ဤကိစ္စအလိုငှာလိုအပ်သောအမိန့်တရပ်ကို သက်ဆိုင်ရာမှုခင်းကို စစ်ဆေးသည့် ရာဇဝတ် တရားသူကြီးကိုယ်တိုင်ချမှတ်ပြီးမှသာလျှင် ရုံးအဆောက်အဦ၏ ပြင်ပသို့သွားရောက်၍ မှုခင်းများကို ကြားနာ စစ်ဆေးနိုင်ခွင့်ရှိကြောင်းကို သတိပြုရမည် ဟုညွှန်ကြားထားသည်။

ယခုအမှုတွင် ရန်ကုန်တိုင်းတရားသူကြီးက ၂၁-၂-၂၀၀၅ နေ့တွင် တရားရုံးချုပ်၏ (၁၈-၂-၂၀၀၅) နေ့စွဲပါ အမိန့်အမှတ် ၃၇/၀၅ အရ ဖွဲ့စည်းလိုက်သော တွဲဖက်တိုင်းတရားသူကြီး ဦးမြသိမ်း (ဥက္ကဌ) နှင့် တွဲဖက် တိုင်းတရားသူကြီး ဦးခင်မောင်ကြီး (အဖွဲ့ဝင်)တို့ပါဝင်သည့်ခုံရုံးသို့စစ်ဆေးစီရင်ရန် လွှဲပြောင်းပေးလိုက်ကြောင်း တွေ့ရသည်။

ယင်းသို့လွှဲပြောင်းပေးလိုက်သည်ကို လက်ခံရရှိသည့်ခုံရုံးက အမှုလက်ခံရရှိသည်၊ အမှုခေါ်သည်၊ တရားခံများရုံးရှေ့သို့အချုပ်ဖြင့်ရောက်ရှိသည်စသဖြင့် အမှုနေ့စဉ်မှတ်တမ်းကိုရေးသားခဲ့ရာ နောက်ဆုံး တရားခံ များ ကိုအပြစ်ပေးသည့် (၂-၁၁-၂၀၀၅)နေ့အထိရေးသွင်းခဲ့သော အမှုတွဲနေ့စဉ်မှတ်တမ်းတွင် အင်းစိန် အကျဉ်း ထောင် နယ်မြေအတွင်းစစ်ဆေးစီရင်ခဲ့ခြင်းဖြစ်သော်လည်း၊ ထိုနေရာတွင် ကြားနာစစ်ဆေးစီရင်ခဲ့ ကြောင်းလုံးဝ ဖော်ပြထားခြင်းမရှိသည်ကိုတွေ့ရှိရသည်။

ဃ။ ခုံရုံးဖြစ်သည့်အတွက်ဤညွှန်ကြားချက်နှင့် သက်ဆိုင်မှုမရှိဟုမဆိုနိုင်ပေ၊ ခုံရုံးဖွဲ့လိုက်သည့်အတွက် အင်းစိန်အကျဉ်းထောင်အနီးသွားရောက်စစ်ဆေးခွင့်ရှိသည်၊ မည်သည့်အမိန့်မှချမှတ်ရန်မလိုဟုမှတ်ယူ၍ရမည် မဟုတ်ပေ၊ အထူးသဖြင့် ခုံရုံးတရားသူကြီး ဥက္ကဌနှင့် ခုံရုံးအဖွဲ့ဝင်တရားသူကြီးတို့သည် ရန်ကုန်တိုင်း တွဲဖက် တရားသူကြီးများဖြစ်ကြသဖြင့် ၎င်းတို့၏ တရားရုံးများရှိပြီးဖြစ်ပါသည်။ ထို့ကြောင့် တိုင်းတရားရုံး၏ ပြင်ပတွင် သွားရောက်၍ အမှုစစ်ဆေးရန်ကိစ္စပေါ်ပေါက်လာလျှင်ယင်းသို့ပေါ်ပေါက်လာသောကြောင့် ပြင်ပ (အင်းစိန်အကျဉ်းထောင်အနီး)တွင်စစ်ဆေးမည်ဆိုသောအမိန့်ကိုညွှန်ကြားလွှာ အမှတ် ၇/၅၆ နှင့်အညီ ချမှတ် ဆောင်ရွက်ရမည်ဖြစ်ပါသည်။

ယင်းညွှန်ကြားချက်နှင့်စပ်လျဉ်း၍ (၂၄–၁–၆၉)ရက်စွဲပါ ညွှန်ကြားလွှာအမှတ် ၃/၆၉ ဖြင့် တရားရုံး လက်စွဲအပိုဒ် ၂၀(၃)ကိုပြင်ဆင်ခဲ့ပြီး ရုံးအဆောက်အဦးပြင်ပရှိ အခြားသင့်လျော်သောနေရာကိုသတ် မှတ်နိုင်ကြောင်း ထပ်မံညွှန်ကြားထားပါသည်။

အထက်ဖေါ်ပြပါညွှန်ကြားချက်များအရအင်းစိန်အကျဉ်းထောင်အနီး စစ်ဆေးစီရင်ခဲ့ခြင်းမှာ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပါပြဋ္ဌာန်းချက်များ၊ တရားရုံးများလိုက်နာရန် တရားရုံးချုပ်မှ ထုတ်ပြန်ခဲ့သည့် ညွှန်ကြားချက်များနှင့်ကိုက်ညီခြင်းမရှိဘဲ အထူးခုံရုံးကစစ်ဆေးစီရင်ခဲ့သည်ကိုတွေ့ရှိရသည်။

## (၃) ပြန်ခေါ်သက်သေ ( **Recall witnesses and Right of Recall** )

တရားခံများကိုစွဲချက်တင်ပြီးပါက တရားခံများအနေဖြင့် တရားလိုဖက်မှတင်ပြစစ်ဆေးခဲ့သည့် သက်သေများအနက် မိမိ ပြန်လည်ခေါ်ယူစစ်မေးလိုသော သက်သေများရှိက ပြန်လည်ခေါ်ယူစစ်မေးနိုင်ရန် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၅၆ တွင် ပြဋ္ဌာန်း၍ အခွင့်အရေးပေးထားသည်၊ ထိုအခွင့်အရေးသည် တရားခံများက တရားလို၏ စွပ်စွဲချက်များကိုပြန်လည်ချေပနိုင်ရန်အတွက်ဥပဒေကခွင့်ပြုထားသည့် အခွင့်အရေးဖြစ်သည်။ ထို့ကြောင့် ယခုအမှုတွင်–

အမှုတွဲ၏ နေ့စဉ်မှတ်တမ်း ( ၆–၆– ၂၀၀၅) နေ့တွင် တရားခံများက မိမိတို့ပြန်ခေါ်စစ်မေးလိုသော သက်သေများ၏ အမည်များကိုဖေါ် ပြတောင်းဆိုခဲ့သည်။ သက်သေမှာ တောင်ကြီးမြို့တွင်နေထိုင်သူဦးဘသင်(ခ)ဦးအောင်မြတ်နှင့် ဇင်အောင် ဖြစ်သည်။

(၉–၉–၂၀၀၆)နေ့တွင် ရယက နှင့်သတင်းတပ်ဖွဲ့၏စာများအရထိုသက်သေသည်မူလနေထိုင်ရာဒေသတွင်နေထိုင်ခြင်းမရှိတော့ကြောင်းတင်ပြခဲ့သည့်အပေါ် တရားခံများ၏ ရှေ့နေများကို ရှင်းပြသည်ဟုမှတ်တမ်းတင်၍ တရားခံများကိုစစ်ရန်ဆောင်ရွက်ခဲ့ခြင်းမှာ ဥပဒေအရလွန်စွာမှားယွင်းနေပါသည်။

အဘယ်ကြောင့်ဆိုသော်–

(က) ပြည်ထောင်စုမြန်မာနိုင်ငံတော်တရားရုံးချုပ်၏ ၁၉၆၆ ခုနှစ် ဇူလိုင်လ ၄ ရက်နေ့စွဲဖြင့် ထုတ်ပြန်ခဲ့သည့် ၁၉၆၆ ခုနှစ် တရားရုံးများညွှန်ကြားလွှာ အမှတ် ၃ တွင်.... မှုခင်းများကိုကြန့်ကြာခြင်းမရှိအောင်စစ်ဆေးရန်ကိစ္စများနှင့်စပ်လျဉ်း၍ ညွှန်ကြားထားခြင်းဖြစ်သည်။

ယင်းညွှန်ကြားလွှာ၏ အပိုဒ် ၆ တွင် တရားလိုပြသက်သေတဦးကို စွဲချက်တင်ပြီးနောက် တရားခံကပြန်ခေါ်လိုသည်ဟုတောင်းဆိုနေလျှင်၊ တရားသူကြီးသည် နှစ်ဖက်ရှေ့နေများ၊ အမှုလိုက်တို့အားညှိနှိုင်းစေပြီးမလိုဘဲ မခေါ်စေရန်အကြံပေးရမည်၊ ဟုညွှန်ကြားထားသည်ကိုတွေ့ရသည်။

(ခ) ၆–၆–၂၀၀၅ ရက်နေ့တွင် တရားခံများအားစွဲချက်တင်သည်၊ ၎င်းနေ့တွင်ပြန်ခေါ်လိုသောသက်သေများ၏ အမည်ဖေါ်ပြ၍တောင်းဆိုသည်။ ဤတောင်းဆိုချက်မှာ တရားခံတဦးကို ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၅၆ ကပေးထားသည့် တရားခံ၏အခွင့်အရေးနှင့်တောင်းဆိုပိုင်ခွင့်ဖြစ်သည်။ ၉–၆–၂၀၀၅ နေ့တွင် ရ ယ က နှင့် သတင်းတပ်ဖွဲ့က သက်သေမှာမူလနေရာတွင်နေထိုင်ခြင်းမရှိကြောင်းခုံရုံးသို့စာတင်သည်။

(ဂ) မူလခုံရုံးသည် တရားရုံးချုပ်၏ ညွှန်ကြားလွှာ အမှတ် (၃/၆၆) ပါညွှန်ကြားချက်ကိုလိုက်နာဆောင်ရွက်ခဲ့ခြင်းမရှိကြောင်းအထင်အရှားတွေ့ရှိရသည်။

တရားလိုအမှုလိုက်နှင့် တရားခံများ၏ အကျိုးဆောင်တို့ကို ညှိနှိုင်း/အကြံပေး လုပ်ရမည့်အစား ရှင်းပြမှတ်တမ်း တင်သည့် လုပ်ဆောင်ချက်မှာ အနှစ်သာရအားဖြင့်၎င်း၊ သဘောအားဖြင့်၎င်း လွန်စွာမှပင်ခြားနားပြီး၊တရားခံ၏ ဥပဒေအရခွင့်ပြုထားသည့်အခွင့်အရေးဆုံးရှုံးခဲ့ရသည်ကိုလည်းတွေ့ရှိရသည်။

## (၄) ပြစ်ဒဏ်ပေးခြင်းနှင့်သက်ဆိုင်သည့်ပြဋ္ဌာန်းချက်များ။

**ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၇၁။** တခုစီပြစ်မှုမြောက်သောအစိတ်အပိုင်းများ၊ ပေါင်းစုနေသည့်ပြစ်မှုကိုကျူးလွန်သူအားအတိအလင်းပြဋ္ဌာန်းချက်မရှိပါက ထိုပြစ်မှုမြောက်သော အစိတ်အပိုင်းများအနက် ပြစ်မှုတခုခုအတွက်ပေးနိုင်သောပြစ်ဒဏ်ထက်ပိုမပေးရ။

တည်ဆဲဥပဒေအရ တဦးတယောက်သောသူ၏ ပြုလုပ်မှုသည်သီးခြားပြစ်မှုနှင့် နှစ်မျိုးသော်လည်းကောင်း၊ နှစ်မျိုးထက်ပို၍သော်လည်းကောင်း၊ မြောက်နိုင်လျှင် သို့တည်းမဟုတ် ပြစ်ဒဏ်ချမှတ်ခြင်းခံထိုက်လျှင် ထိုသူအား သို့တည်းမဟုတ် တခုစီခွဲယူလျှင် ပြစ်မှုတခုမြောက်သည်လည်းဖြစ်၍ သို့တည်းမဟုတ် တခုထက်ပိုမှ ပြစ်မှုတခု မြောက်သည်လည်း ဖြစ်၍ စုပေါင်းယူလျှင် အခြားပြစ်မှုတခုလည်းမြောက်သော ပြုလုပ်မှုအမျိုးမျိုးကို ကျူးလွန်သောသူအား စစ်ဆေးသောရုံးက အထက်ပါပြစ်မှုတခုခုအတွက် ပေးနိုင်သော ပြစ်ဒဏ်ထက် ပိုမိုပြင်းထန်သော ပြစ်ဒဏ်ကိုမပေးရ။

ဥပမာများ။

(က) မောင်ဖြူ က မောင်နီကိုတုတ်နှင့် အချက်ငါးဆယ်ရိုက်၏ ရိုက်နှက်သည့်အချက်များကိုစုပေါင်း၍၎င်း၊ ချက်ရေတချက်စီခွဲ၍၎င်းမောင်နီအားနာကျင်စေရန်မိမိအလိုအလျောက်ပြုလုပ်သောပြစ်မှုကိုမောင်ဖြူကျူးလွန်ရာ ရောက်သည်။ မောင်ဖြူသည်အချက်တိုင်းအတွက်ပြစ်ဒဏ်ထိုက်သင့်ရမည်ဆိုပါက တချက်လျှင်တနှစ်ကျ၊ နှစ်ပေါင်းငါးဆယ်ထောင်အကျဉ်းကျခံရမည်ဖြစ်သည်၊ သို့ရာတွင်မောင်ဖြူသည် ရိုက်နှက်သောအချက်အားလုံး အတွက် ပြစ်ဒဏ်တရပ်တည်းသာချမှတ်ခြင်းခံရမည်။

(ခ) သို့ရာတွင်မောင်ဖြူသည် မောင်နီကိုရိုက်နှက်နေခိုက် မောင်ညိုက ဝင်ရောက်စွက်ဖက်သဖြင့် မောင်ညိုကို လည်းတမင်ရိုက်နှက်ပြန်လျှင်၊ မောင်ညိုကိုရိုက်နှက်ခြင်းသည် မောင်နီကိုအလိုအလျောက် နာကျင်စေသော ပြစ်မှုကျူးလွန်ရာ၌ မပါဝင်၊ မောင်ဖြူသည်မောင်နီကိုနာကျင်စေရန် အလိုအလျောက်ပြုလုပ်သည့်အတွက် ပြစ်ဒဏ် တရပ်၊ ထို့ပြင်မောင်ညိုကိုရိုက်သည့်အတွက်ပြစ်ဒဏ်တရပ် ပေါင်း ၂ ရပ်ချမှတ်ခြင်းခံရမည်။

**၁၉၇၃ခုနှစ်စကားရပ်များအနက်အဓိပ္ပါယ်ဖွင့်ဆိုရေးဥပဒေပုဒ်မ ၂၂ တွင်**

ပြုလုပ်မှု (သို့မဟုတ်) ပျက်ကွက်မှု တခုသည် ဥပဒေ နှစ်ရပ် (သို့မဟုတ်)နှစ်ရပ်ထက်ပိုသောဥပဒေများအရ ပြစ်မှုမြောက်လျှင် ပြစ်မှုကျူးလွန်သူကို ယင်းဥပဒေများအနက် ဥပဒေတရပ်ရပ်ဖြင့်သာ တရားစွဲဆိုအပြစ် ပေးရမည်။ ပြစ်မှုတရပ်တည်းအတွက် ပြစ်ဒဏ်တကြိမ်ထက်ပို၍ မခံစေရဟူသော ဥပဒေပြဋ္ဌာန်းချက်ကို တရားစွဲ အဖွဲ့အစည်းများနှင့် ပြစ်ဒဏ်ချမှတ်ပေးသည့် တရားရုံးတော်၊ ခုံရုံးတော်က လိုက်နာဆောင်ရွက်ခဲ့ခြင်းမရှိကြောင်း တွေ့ရသည်။

ရည်ရွယ်ချက်။ ။ ဤပုဒ်မ၏ရည်ရွယ်ချက်မှာ တရားခံတဦး၏ပြုလုပ်မှုနှင့် စပ်လျဉ်း၍ပြစ်ဒဏ်ကိုဘောင်ခပ် ထားရန်ဖြစ်သည်။

(၁) တရားခံတဦး၏ပြုလုပ်မှုသည်တခုခြင်းအနေဖြင့် ပြစ်မှုမြောက်နေစေကာမူ အားလုံးအတွက် တပေါင်းတည်း သော်၎င်း၊ တခုအတွက်သော်လည်းကောင်းသာလျှင်ပြစ်ဒဏ်စီရင်ရမည်၊ အားလုံးအတွက် တခုစီခွဲခြားပြီး ပြစ်ဒဏ်မစီရင်ရ။

(၂) တရားခံတဦး၏ ပြုလုပ်မှုသည် တည်ဆဲဥပဒေအရ သီးခြားပြစ်မှုနှစ်မျိုးမြောက်ပါက တမျိုးအတွက်သာ အပြစ်ပေးနိုင်သည်။

(၃) တရားခံတဦး၏ပြုလုပ်မှုသည် တခုချင်းအနေဖြင့် ပြစ်မှုမြောက်သည်သာမက စုပေါင်းပါက အခြားပြစ်မှု တခုမြောက်လျှင် တခုအတွက်သာအပြစ်ပေးနိုင်သည်။

ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၃၅ နှင့် ၂၃၅၊ ၄၀၃

**ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၃၅။** ။

(၁) စစ်ဆေးစီရင်မှုတခုတည်းတွင် တဦးတယောက်ကို ပြစ်မှု ၂ ခု၊ သို့မဟုတ် ၂ခုထက်ပို၍ပြစ်မှုထင်ရှားစီရင် သည့်အခါ တရားရုံးသည် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၇၁ ပါပြဋ္ဌာန်းချက် များနှင့် မဆန့်ကျင်စေဘဲ တရားရုံးက စီရင်ပိုင်ခွင့်ရှိသည့် ယင်းပြစ်မှုများအတွက် သတ်မှတ်ထားသော ပြစ်ဒဏ် အသီးသီးကိုချမှတ်နိုင်သည်။ ယင်းပြစ်ဒဏ်များတွင် ထောင်ဒဏ်ဖြစ်စေ၊ တကျွန်းပို့ဒဏ်ဖြစ်စေ၊ ပါဝင်ပြီး၊ ထိုပြစ် ဒဏ်များကို တပြိုင်တည်းကျခံစေရမည်ဟုတရားရုံးက အမိန့်ချမှတ်ထားသည်မဟုတ်လျှင် ထိုပြစ်ဒဏ်များကို တခုပြီးမှတခုကျခံစေရမည်ဟုညွှန်ကြားနိုင်သည်။

(၂) ပြစ်ဒဏ်များကိုတဆက်တည်းကျခံစေရန်အမိန့်ချထားသည့်အခါ ထိုပြစ်မှုများအတွက် ပြစ်ဒဏ်စုစုပေါင်းမှာပြစ်မှုတရပ်တည်းထင်ရှား၍တရားရုံးကချမှတ်နိုင်သည့်ပြစ်ဒဏ်ထက်ပိုနေသည်ဆိုရုံ ဖြင့်ပြစ်မှုကျူးလွန်သူကို ၎င်းရုံးက အထက်တရားရုံးသို့တင်ပို့ခြင်းမပြုရ။ သို့ရာတွင်

(က) မည်သည့်အမှုတွင်မျှ ထိုသူအားတဆယ့်လေးနှစ်ထက်ပိုသည့် ထောင်ဒဏ်ချမှတ်ခြင်းမပြုရ

(ခ) (ပုဒ်မ၃၄အရအမှုဆောင်ရွက်သူရာဇဝတ်တရားသူကြီးမှတပါး)အခြားရာဇဝတ်တရားသူကြီး ကအမှုကိုစစ်ဆေးစီရင်လျှင် ပြစ်ဒဏ်စုစုပေါင်းသည် ယင်းရာဇဝတ်တရားသူကြီးက ၎င်း၏ စီရင်ပိုင်ခွင့်အာဏာကိုသုံးစွဲချမှတ်နိုင်သည့် ပြစ်ဒဏ်၏ ၂ ဆထက်မပိုရ။

(၃) ပြစ်မှုများအတွက်စစ်ဆေးစီရင်မှုတခုတည်းတွင် ဤပုဒ်မအရချမှတ်သည့်တဆက်တည်းကျခံရမည့် ပြစ်ဒဏ်စုစုပေါင်းသည် အယူခံကိစ္စအလို့ငှာ ပြစ်ဒဏ်တခုတည်းဖြစ်သည်ဟုမှတ်ယူရမည်။

## ပြစ်ဒဏ်ပေးရာတွင် ထည့်သွင်းစဉ်းစားသင့်သည့်အချက်များ နှင့် ပတ်သက်၍ တရားရုံးချုပ်၏ လမ်းညွှန်စီရင်ထုံးများ။

ပြစ်ဒဏ်ချမှတ်ရာ၌ ပြစ်မှုကျူးလွန်သူအပေါ်ကလဲ့စားချေသည့်သဘောမျိုးမဟုတ်ဘဲ ပညာပေးသည့်သဘော သက်ရောက်စေရမည်။တဖက်တွင်လည်းထိုပြစ်ဒဏ်သည်ပြစ်မှုကျူးလွန်သူအားထပ်မံပြစ်မှုကျူးလွန်ခြင်းမှ နောင်ကြဉ်စေရန်နှင့် အလားတူပြစ်မှုကျူးလွန်ရန်ကြံစည်သူတို့အားအဟန့်အတားဖြစ်စေသင့်သည်။ သို့မှသာ လုပ်သားပြည်သူတို့၏အကျိုးကိုစောင့်ရှောက်ရာရောက်မည်ဖြစ်ပြီးရာဇဝတ်မှုကျူးလွန်ခြင်းမှကာကွယ်ရာရောက်မည်ဖြစ်သည်။ မည်သည့်ပြစ်မှုကျူးလွန်လျှင် မည်သည့်ပြစ်ဒဏ် ပုံသေကားချသတ်မှတ်ထား၍မရနိုင်ပေ၊အမှုတွင်ပေါ်ပေါက်လျက်ရှိသော အကြောင်းခြင်းရာ၊အချိန်အခါ အမှုအမျိုးအစားအလိုက် အပြစ်ဒဏ် အနည်းအများကို သတ်မှတ်ရမည်။ ထို့ကြောင့်လည်း ရာဇဝတ်မှုများ၌ ပြစ်ဒဏ်ကို သတ်မှတ်ထားရာတွင် အနည်းငယ်မျှသော ပြစ်မှုများမှအပ၊ အနည်းဆုံးချမှတ်ရမည့်ပြစ်ဒဏ်ကိုသတ်မှတ်ထားခြင်းမရှိဘဲ၊အများဆုံးပြစ်ဒဏ်ကိုသာသတ်မှတ်ထားသည်ကိုတွေ့ရှိရသည်။ အကြောင်းမှာ တရားရုံးတရားသူကြီးများအနေဖြင့် ပြစ်ဒဏ်သတ်မှတ်ရာတွင် အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း အကြောင်းခြင်းရာ၊ အချိန်၊ နေရာ၊ အမှုအမျိုးအစား နှင့် အခြားအချက်အလက်များ အပေါ် ညှိနှိုင်း၍ ချင့်ချိန် ဆုံးဖြတ်နိုင်ရန်ဖြစ်သည်။ တနည်းအားဖြင့်ဆိုသော် ပြစ်ဒဏ်သတ်မှတ်သည့် ကိစ္စသည် တရားရုံးများ၏ ဆင်ခြင်တုံတရားအရ ဆုံးဖြတ်ရသည့်ကိစ္စဖြစ်သည်။ထိုကဲ့သို့ ဆင်ခြင်တုံတရားအရ ဆုံးဖြတ်သည့်အခါလိုလျှင်လိုသလိုအတိုးအလျှော့ပြုလုပ်၍သတ်မှတ်ရသည့်ကိစ္စတွင်မူသေ ချမှတ် ပေးထားရန် မဖြစ်နိုင်ပေ။ **( မစ္စစ် ချန်ဒရာမာယာနှင့်ပြည်ထောင်စုမြန်မာနိုင်ငံ ၁၉၆၆ ခု မြန်မာနိုင်ငံစီရင်ထုံး၊ တရားရုံးချုပ်၊ စာမျက်နှာ ၁၄၄၈)**

ပြစ်ဒဏ်ကိုစဉ်းစားရာတွင် တရားစီရင်ရေး၏မူအရရင်း၊ အစိုးရ၏ချမှတ်ထားသောမူများအရရင်း၊ ပြစ်ဒဏ်ပေးရာတွင်ကလဲ့စားချေသည့်သဘောထက် ပြစ်ဒဏ်ချမှတ်ခြင်းခံရသူ ကိုတစတစပြုပြင်ကာပညာပေးရန်ဖြစ်သည်။ **(မောင်ဖြူနှင့်ပြည်ထောင်စုမြန်မာနိုင်ငံ ၁၉၆၅ မြန်မာနိုင်ငံတရားစီရင်ထုံး၊ တရားရုံး ချုပ် ၊ စာမျက်နှာ ၃၇၈)**

အပြစ်ပေးရာ၌အဓိကထားရန်ရည်ရွယ်ချက်မှာ အပြစ်ကျသူကိုဖြစ်နိုင်ပါက ပြုပြင်၍ နိုင်ငံသားကောင်း သမီးကောင်း အဖြစ်ပြန်လည်၍ဘဝသစ်ထူထောင်နိုင်စေရန်ဖြစ်သည်။ တစုံတခုပြုလုပ်မည့်သည့်အတွက် လူတယောက်အားထောင်ဒဏ်ကျခံစေသည့် သဘောမျိုးမျှသာမဟုတ်ပေ။ ပြစ်ဒဏ်ကိုသတ်မှတ်ရာ၌တဦး တယောက်၏ နောက်ကြောင်းစိတ်ထားနှင့်အတူ ရှေ့ရေးကိုပါထည့်သွင်းစဉ်းစားကာ ထိုသူတဦးသည်ပြစ်ဒဏ် ကျခံပြီးသည့်အခါ၌ သူ၏လူ့ဘောင်ဘဝအဆောက်အအုံတွင်ပြန်လည်၍ကောင်းမွန်သောဘဝသစ် ထူထောင်နိုင်စေရန်အရေးထား၍ စဉ်းစားအပ်သည်။ **( မအေးမြင့်နှင့်ပြည်ထောင်စုမြန်မာနိုင်ငံ ၁၉၆၅ မြန်မာနိုင်ငံစီရင်ထုံး၊ တရားရုံးချုပ် စာမျက်နှာ ၅၀၀)**

ပြစ်မှုကျူးလွန်သူတယောက်အပေါ်တွင်ပြစ်ဒဏ်သတ်မှတ်ရာတွင် ထိုသူအပေါ်ဒေါသ၊ အညှိုးထား၍ ဆုံးဖြတ်သတ်မှတ်သည်မဟုတ်၊ ၎င်းကျူးလွန်ခဲ့သောပြစ်မှုမျိုးနှင့်ပတ်သက်၍ အခြားသူများအား အဟန့်အတား ဖြစ်စေရန်နှင့် ကျူးလွန်သူအားလည်းပညာပေးစေလိုသော စေတနာကိုရှေ့ထား၍ ဆုံးဖြတ်ရန်ဖြစ် သည်။ **(ဂိုဗီရမ်အာဂါရ် ဝါလ်နှင့်ပြည်ထောင်စုမြန်မာနိုင်ငံ ၁၉၆၆ မြန်မာနိုင်ငံ စီရင်ထုံး၊ အထူးရာဇဝတ်ရုံး၊ အယူခံအဖွဲ့ စာမျက်နှာ ၁)**

ဥပဒေပြဋ္ဌာန်းချက်များ၊ တရားစီရင်ရေးဆိုင်ရာမူများ နှင့် တရားရုံးတရားသူကြီးများက တရားခံအပေါ် ပြစ်ဒဏ်ချမှတ်ရာတွင် အလေးအနက်ထားစဉ်းစားသင့်သည့် အချက်များအဖြစ် တရားရုံးချုပ်၏ လမ်းညွှန်စီရင်ထုံးများကိုမျက်ကွယ်ပြု၍ ဆုံးဖြတ်ခဲ့ကြောင်းကို အောက်ပါအတိုင်း စွဲဆိုထားသည့်မှုခင်းများက သက်သေပြလျက်ရှိသည်ကိုအထင်အရှားတွေ့ရှိရပါသည်။

မူလခုံရုံးက ဦးခွန်ထွန်းဦးပါ (၉) ဦးတို့အားမှုခင်းဖြစ်ရပ်တခုတည်းပေါ်မှပေါ်ပေါက်လာသော အကြောင်းအချက်များကို သီးခြားစီခွဲထုတ်၍ အောက်ပါအတိုင်း အမှုများစွဲဆို၍ အမြင့်ဆုံးသောပြစ်ဒဏ်များ ပေးခဲ့သည်။

၁။ ပြစ်မှုကြီးမှု အမှတ်– ၂၃၃ ၊ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၂၂ (၁) နိုင်ငံတော်သစ္စာဖေါက်ဖျက်ပုန်ကန်မှု၊
၂။ ပြစ်မှုကြီးမှု အမှတ်– ၂၃၄၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၂၄ (က) နိုင်ငံတော်အကြည်အညိုပျက်စေမှု၊
၃။ ပြစ်မှုကြီးမှု အမှတ်– ၂၃၅၊ ကြေညာချက်အမှတ် ၅/၉၆၊ ၁၉၉၆ ခုနှစ် နိုင်ငံတော်တည်ငြိမ်အေးချမ်းစွာ စံနစ်တကျ လွှဲပြောင်းပေးရေး နှင့် အမျိုးသားညီလာခံအောင်မြင်စွာ ဆောင်ရွက်ရေးတို့ကိုနှောက်ယှက်ဆန့်ကျင်ခြင်း မှ ကာကွယ်သည့်ဥပဒေ ပုဒ်မ ၄။
၄။ ပြစ်မှုကြီးမှု အမှတ်–၂၃၆၊ ၁၉၈၈ခုနှစ် အသင်းအဖွဲ့များဖွဲ့စည်းခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၆။
၅။ စိုင်းညွှန့်လွင်အား ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၂၄ (က)နိုင်ငံတော်အား အကြည်အညိုပျက်စေမှု ပြစ်မှုကြီးမှုအမှတ် ၂၃၉/၂၀၀၅ဖြင့်၎င်း၊
မှတ်ချက်။ ။ မှုခင်းဖြစ်ရပ်တခုတည်းဖြစ်သော်လည်း စိုင်းညွှန့်လွင်အား နိုင်ငံတော်အကြည်အညိုပျက်စေမှု ၂ မှုဖြင့် တရားစွဲဆို၍ အမြင့်ဆုံးပြစ်ဒဏ်များချမှတ်ခဲ့သည်။ စိုင်းညွှန့်လွင်နှင့်ပတ်သက်၍ ပြစ်မှုကြီးမှုအမှတ်၂၃၃/၂၀၀၅ နိုင်ငံတော်သစ္စာဖေါက်ဖျက်ပုန်ကန်မှုအတွက် တသက်တကျွန်းပြစ်ဒဏ်၊ ပြစ်မှုအမှတ် ၂၃၄/၂၀၀၅ နိုင်ငံတော်အကြည်အညိုပျက်စေမှုအတွက် တသက်တကျွန်း ပြစ်ဒဏ်၊ ပြစ်မှုအမှတ် ၂၃၅/၂၀၀၅ အခြေခံဥပဒေကာကွယ်ရေးပုဒ်မ ၄ အရ ထောင်ဒဏ် နှစ် (၂၀) ပြစ်မှုအမှတ် ၂၃၆/၂၀၀၅ အသင်းအဖွဲ့စည်းမျဉ်းဥပဒေပုဒ်မ ၆ အရ ထောင်ဒဏ် (၅) နှစ် ပြစ်မှုကြီးမှုအမှတ် ၂၃၉/၂၀၀၆ ဒုတိယအမှု နိုင်ငံတော်အကြည်အညိုပျက်စေမှု အရ ထောင်ဒဏ် တသက်တကျွန်း စသည်တို့ကို သီးခြားစေကျခံ စေရန် ခုံရုံးက အမိန့်ချမှတ်ထားပါသည်။ စိုင်းညွှန့်လွင်ကျခံရမည့် ထောင်ဒဏ် စုစုပေါင်းမှာ ၈၅ နှစ်ဖြစ်၍ လူသား တဦးအနေဖြင့် လူ့သက်တမ်း တုံးအောင် ချမှတ်ထားသည့်ပြစ်ဒဏ်ဖြစ်သည့်အတွက် ၂၀၀၀ ပြည့်နှစ်တရားစီရင်ရေးဆိုင်ရာ အခြေခံမူတွင် ပြဋ္ဌာန်းထားသည့် ပြဋ္ဌာန်းချက်များကိုဆန့်ကျင်ဖျက်ကွယ်ပြုဆုံးဖြတ်ထားသည်ကိုတွေ့ရပါသည်။

ထို့အပြင်
၆။ မြင့်သန်း (ခ) အယ်ဖြူ ၊ ညီညီမိုး၊ စိုင်းမျိုးဝင်းထွန်း၊ ထွန်းညို နှင့်စိုင်းလှအောင်တို့အား ၁၉၆၂ ခုနှစ်ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ မှတ်ပုံတင်ဥပဒေ ပုဒ်မ ၁၇/၂၀ အရ ၎င်း
၇။ ဆေထင်အားပြစ်မှုကြီးမှုအမှတ် ၂၉၄/၂၀၀၅ အများပိုင်ပစ္စည်းများ ကာကွယ်စောင့်ရှောက်သည့် ဥပဒေပုဒ်မ ၃ နှင့်
၈။ ပြစ်မှုကြီးမှုအမှတ် ၂၉၃/၀၅ ဖြင့် သွင်းကုန်ထုတ်ကုန်ကြီးကြပ်ရေး ဥပဒေပုဒ်မ ၅ (၃) အရ၎င်း၊ စသဖြင့် အကြောင်း အရာတခုတည်းအတွက် အထက်ဖေါ်ပြပါအတိုင်းသီးခြားပြစ်မှုများအဖြစ် ပြစ်မှုအမျိုးမျိုးခွဲ၍ တရားစွဲဆို စစ်ဆေးပြီးအမြင့်ဆုံးပြစ်ဒဏ်များချမှတ် အပြစ်ပေးခဲ့သည်ကိုတွေ့ရှိရသည်။

## (၅) အမှုနှင့်သက်ဆိုင်သည့် သက်သေထွက်ချက် နှင့် သက်သေခံပစ္စည်းများ။

အမှုများစစ်ဆေးစီရင်ရာတွင် တရားရုံးရှေ့မှောက်၌ သက်သေခံချက်များ ရယူ ရပါသည်။ သို့မှသာ တရားခံများအနေဖြင့်ပြန်လှန်စစ်မေးခွင့်ရ၍တရားမျှတမှုရှိမည်ဖြစ်သည်။တရားခံ၏ရှေ့မှောက်၌ရယူသောသက်သေခံချက်မှာလည်းသက်သေခံဥပဒေအရသက်သေခံအဖြစ်လက်ခံနိုင်သောစပ်ဆိုင်သည့်သက်သေခံချက်များဖြစ်ရပါမည်။ပြင်ပ၌အမှုမှန်သည်မှားသည်ကိုထည့်သွင်းမစဉ်းစားဘဲတရားရုံး၏ရှေ့မှောက်တွင်ထွက်ဆိုသော သက်သေခံချက်များအပေါ်မူတည်၍၎င်းသက်သေခံချက်များကိုချိန်ဆပြီးတရားခံအားအပြစ်ရှိမရှိဆုံးဖြတ်ရသည်။ထိုသက်

သေခံချက်တွင်သံသယဖြစ်စေသည့်အချက်အလက်များရှိပါကသံသယ၏အကျိုးကိုတရားခံအနေဖြင့် ခံစားခွင့်ရှိကြောင်းတရားသူကြီးများအနေဖြင့်နှလုံးသွင်းရပေမည်။ ဥပဒေကအပ်နှင်းသောအာဏာကို သုံးစွဲ ခြင်း ပင်ဖြစ်စေကာမူဥပဒေနှင့်ညီသောအကြောင်းအချက်များကို အခြေခံ၍ဆုံးဖြတ်မှ သာလျှင် ဆုံးဖြတ်ချက်သည် တရားဝင်မည်ဖြစ်သည်။တရားခံ၏ရှေ့မှောက်၌ရယူသော သက်သေခံချက်များသည်လည်း သက်သေခံ ဥပဒေအရသက်သေခံအဖြစ်လက်ခံနိုင်သောအချက်အလက်များဖြစ်ရပေမည်။ယင်းသက်သေခံဥပဒေနှင့်အညီလက်ခံနိုင်သောသက်သေခံချက်များအပေါ် အခြေခံ၍ စီရင်ဆုံးဖြတ်ရမည်ဖြစ်သည်။သို့သော်ယခု အမှုများတွင်ထိုကဲ့သို့

လုပ်ဆောင်ခဲ့ကြောင်းမတွေ့ရှိရပါ။ သက်သေထွက်ချက်များရယူခြင်းနှင့်ပတ်သက်၍ တရားသူကြီးများလိုက်နာရန်ပြဌာန်းထားပါသည်။

**တရားရုံးများလက်စွဲအပိုဒ် ၆၁၄ တွင်** ရာဇဝတ်တရားသူကြီးတို့သည် တခါတရံအမှုတမှုမှ သက်သေခံချက် ကို အခြားအမှုတမှု၌ သက်သေခံချက် အဖြစ်အသုံးပြုလေ့ပြုထရှိသောနည်းလမ်းမှာ ၂မှု လုံးမှလာရောက် သော သက်သေတို့ကို တကြိမ်တည်း သာလျှင် စစ်ဆေး၍ တမှု၌ထွက်ဆိုသည့် မှင်ခံစက္ကူဖြင့် ကူးထား သော သက်သေခံချက်မိတ္တူကို အခြားတမှု၌ ထည့်သွင်းဟန်ရှိသည်။ ထိုအမှု နှစ်မှုမှာ အပြန်အလှန်စွဲဆို သော အမှုများဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ၊ ဤထုံးနည်းသည် တရားဥပဒေနှင့် ဆန့်ကျင်သည် ဖြစ်၍ ထိုအလေ့အကျင့်ကိုလိုက်နာ ခြင်းမရှိစေရ၊ ဟုအတိအလင်းပြဌာန်းထားသည်။

မူလခုံရုံးသည်ပြစ်မှုကြီးမှုအမှတ် ၂၃၇/၀၅၊၂၃၃/၀၅၊၂၃၄/၀၅၊ ၂၃၅/၀၅၊၂၃၆/၀၅တို့တွင် တရားလိုပြသက်သေများ၏သက်သေထွက်ဆိုချက်များ၊ တရားရုံးသို့သက်သေခံများအဖြစ်တင်သွင်းသည့် သက်သေခံစာရွက်စာတမ်းများနှင့် တရားခံများ ၏ သက်သေထွက်ချက်များ အစမှအဆုံးမိတ္တူပြု၍ အသုံးပြုခဲ့ခြင်းမှာ ဥပဒေနှင့်မညီညွတ်သည့်အပြင် တရားခံများ၏ ပြန်လှန်စစ်မေးခွင့် အခွင့်အရေးကိုမျက်ကွယ်ပြုရာရောက်နေသည်ကို အထင်အရှားတွေ့ရှိရသည်။ ထိုသက်သေခံချက်များကို အခြေခံ၍ တရားခံများကို အပြစ်ပေးရန်ဆုံးဖြတ်သည့် အထူးခုံရုံး၏ စီရင်ချက်နှင့်အမိန့်သည် ဥပဒေနှင့်အညီမဟုတ်ပဲ ဥပဒေကိုမျက်ကွယ်ပြုချမှတ်ထားခြင်းသာဖြစ်သည်ကိုအထင်အရှားတွေ့ရှိရမည်ဖြစ်သည်။

အမှုများကို စစ်ဆေးစီရင်ရာတွင်အမှန်ကိုဖေါ်ထုတ်၍တရားစီရင်ရာတွင်မျှတဖို့လိုသည်၊ဥပဒေနှင့်ညီညွတ်ဖို့လည်း လိုသည် အမှုဖြစ်ပေါ် ၍စတင်စုံစမ်းရသောပုဂ္ဂိုလ်နှင့် သက်သေများတရားခံအကျိုးဆောင်များသည်၎င်း၊ တရားသူကြီးများ သည်၎င်း သစ္စာတရားကိုလက်ကိုင်ထား၍ ပြည်သူတို့ယုံကြည်အားကိုး နိုင်သော တရားစီရင်ရေးကိုဖြစ်ထွန်း စေအပ်သည်။ တဖက်တွင်အများပြည်သူတို့၏အကျိုးနှင့်လုံခြုံမှု အတွက် ရာဇဝတ်ပြစ်မှုကျူးလွန်သူ တို့ကို မြန်မြန်အရေးယူ ၍ထိုက်သင့်သောပြစ်ဒဏ်ခံစေအပ်သည်။ တဖက်တွင်လည်း အပြစ်ကင်းသူတို့ အားစွပ်စွဲခြင်း ကြာရှည် ပင်ပန်း ရခြင်းမဖြစ်စေဘဲ ပြစ်ဒဏ်မထိုက်သင့်စေအပ်ဟုလမ်းညွှန်ထားသည်။

ဥပဒေပြဌာန်းချက်များ၊ တရားရုံးချုပ်မှ တရားရုံးများလိုက်နာ ရန်ထုတ်ပြန်ထားသည့် အမိန့်များ၊ ညွှန်ကြားချက်များ၊ လမ်းညွှန် စီရင် ထုံးများ နှင့် တရားစီရင်ရေးဆိုင်ရာမူများ မည်သို့ပင်ရှိစေကာမူ၊ နအဖ၏ အာဏာတည်မြဲရေး ကို ထိပါးစေ မည့်ဖြစ်ရပ်များဖြစ်ပေါ်လာနိုင်ပါက ထိုသူများကို နအဖ အာဏာပိုင်များ ညွှန်ကြားသည့်အတိုင်း၊ တရားရုံးချုပ်နှင့် တရားရုံးအဆင့်ဆင့်က လိုက်နာဆောင်ရွက် နေရကြောင်းကို သိသာထင်ရှားစွာ သိရှိနိုင်စေရန် အသိပေး တင်ပြလိုက်ရပေသည်။

**အားကိုးအားထားပြုစာရွက်စာတမ်းများ**


၁။။ ပြစ်မှုကြီးမှု အမှတ်– ၂၃၃ ၊ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၂၂ (၁) နိုင်ငံတော်သစ္စာဖေါက်ဖျက်ပုန်ကန်မှု၏စီရင်ချက်နှင့်အမိန့် မိတ္တူမှန်၊
၅။ ပြည်တွင်းမှ ဥပဒေပညာရှင်များ၏ ဥပဒေကြောင်းအရသုံးသပ်ချက်များ၊
၆။ ပြစ်မှုဆိုင်ရာဥပဒေ၊ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ၊ တရားရုံးများလက်စွဲ နှင့် သက်သေခံဥပဒေပြဌာန်းချက်များ။


မှတ်ချက်။ ။ စာရေးသူသည် မြန်မာနိုင်ငံရှေ့နေများကောင်စီအဖွဲ့ဝင်တဦးဖြစ်သည်။